# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေ အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၈)

ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ထွက်ရှိသော အဖွဲ့အစည်း တခု၏ အစီရင်ခံစာတစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၇၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ နိုဝင်ဘာလအတွင်း အနှစ်ချုပ် လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ International Camping to Ban Landmines (ICBL) မှ ထုတ်ပြန်သည့် မြေမြှုပ်မိုင်းစောင့်ကြည့်ရေး အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ စစ်တပ်ထောက်ခံသူ ငါးမင်းဆွေ ဖမ်းဆီးခံရမှု

၂။ နေအိမ် မိုင်းခွဲသတိပေးခံရသော သရုပ်ဆောင် ရန်အောင်

၃။ ပြည်ပရောက် NUG အဖွဲ့ဝင်များကို ပြည်တွင်းပြန်လာရန် NUG ယာယီသမ္မတ တိုက်တွန်း

၄။ ICC ရှေ့နေချုပ်၏ မြန်မာစစ်ခေါင်းဆောင်ကို ဖမ်းဝရမ်းထုတ်ရန် လျှောက်ထားမှု

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ International Camping to Ban Landmines (ICBL) မှ ထုတ်ပြန်သည့် မြေမြှုပ်မိုင်းစောင့်ကြည့်ရေး အစီရင်ခံစာ

မြေမြှုပ်မိုင်း စောင့်ကြည့်ရေး ၂၀၂၄ အစီရင်ခံစာကို International Camping to Ban Landmines (ICBL) က၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ မြေမြှုပ်မိုင်းစောင့်ကြည့်ရေး ၂၀၂၄ အစီရင်ခံစာ၌ အထူးသဖြင့် မြန်မာ၊ ယူကရိန်းနှင့် မိုင်းတားမြစ်ရေးစာချုပ်ပြင်ပ အခြားဒေသများတွင် လူသတ်မိုင်းများကြောင့် ဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုကို မီးမောင်းထိုးပြထားသည်။

ယင်းအစီရင်ခံစာ၏ဖော်ပြချက်အရ ၂၀၂၃ ခုနှစ်တွင် မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များကြောင့် ကမ္ဘာတဝန်းတွင် လူပေါင်း ၅,၇၅၇ ဦး ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးခဲ့ပြီး မြန်မာနိုင်ငံက ၁,၀၀၃ ဦးဖြင့် အများဆုံးဖြစ်သည်။ ယူကရိန်းနှင့် အာဖဂန်နစ္စတန်တို့က ဒုတိယနှင့် တတိယဖြစ်သည်။ ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးသူများ၏ ၈၄ ရာခိုင်နှုန်းသည် အရပ်သားများဖြစ်ပြီး ကလေး သုံးပုံတစ်ပုံကျော် ပါဝင်သည်။

မြန်မာ၊ ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယားတို့သည် မြေမြှုပ်မိုင်းများကို ဆက်လက်အသုံးပြုနေဆဲဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ ယူကရိန်းကို ၂၀၂၂ ခုနှစ်တွင် ကျူးကျော်ပြီးနောက် ရုရှား၏ မြေမြှုပ်မိုင်းအသုံးပြုမှုသည် အထူးစိုးရိမ်ဖွယ်ရာ မြင့်တက်လာခဲ့သည်။ ကိုလံဘီယာ၊ ပါလက်စတိုင်းနှင့် ဆာဟယ်ဒေသကဲ့သို့သော ပဋိပက္ခဇုန်များတွင် အစိုးရမဟုတ်သော အစုအဖွဲ့များက လက်လုပ်မိုင်းများကို အသုံးပြုနေကြောင်းလည်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်မှုရှိခဲ့ပြီး မြေဧရိယာ ၂၈၁ ဒသမ ၅ ကီလိုမီတာကို မိုင်းရှင်းလင်းနိုင်ခဲ့သည်။ ယင်းသည် ၂၀၁၉ ခုနှစ်မှစ၍ အကျယ်ပြန့်ဆုံး ရှင်းလင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ မိုင်းရှင်းလင်းရေးကို ကမ္ဘောဒီးယားနှင့် ခရိုအေးရှားတို့က ဦးဆောင်နေပြီး ၂၀၉ ကီလိုမီတာ (ကမ္ဘာ့စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်း) ကို ရှင်းလင်းခဲ့သည်။ အဆိုပါတိုးတက်မှုများရှိနေသော်လည်း နိုင်ငံပေါင်း ၅၈ နိုင်ငံတွင်မူ မြေမြှုပ်မိုင်းများမှာ ဆိုးရွားစွာ ရှိနေဆဲဖြစ်ကြောင်း တွေ့ရသည်။

မိုင်းရှင်းလင်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေသည် ၂၀၂၃ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်အထိ ရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ယူကရိန်းသည် ၂၀၂၃ ခုနှစ်တွင် သိသာထင်ရှားသောအကူအညီ (ဒေါ်လာ ၃၀၈ ဒသမ ၁ သန်း) တို့ကို ရရှိခဲ့သည်။ သို့သော် အာဖဂန်နစ္စတန်နှင့် ယီမင်တို့ကဲ့သို့သော နိုင်ငံများတွင် မိုင်းရှင်းလင်းရေးအတွက် ရန်ပုံငွေထောက်ပံ့မှုမှာ အလွန်နည်းနေသေးကြောင်း အစီရင်ခံစာက ဆိုသည်။

အစီရင်ခံစာတွင် မြေမြှုပ်မိုင်း ဒုက္ခသည်များအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ လိုအပ်ကြောင်း၊ အထူးသဖြင့် အာဖဂန်နစ္စတန်၊ ယီမင်နှင့် မြန်မာနိုင်ငံတို့ကဲ့သို့ ဆင်းရဲသောဒေသများကို အလေးပေး ဖော်ပြထားသည်။ ICBL သည် အထူးသဖြင့် မြန်မာနှင့် ရုရှားကဲ့သို့သော မြေမြှုပ်မိုင်းအသုံးပြုဆဲဖြစ်သည့် နိုင်ငံအားလုံးကို မိုင်းတားမြစ်ရေးစာချုပ်တွင် ပါဝင်ရန်၊ လူသတ်မိုင်းအသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်းတို့ကိုလည်း တားမြစ်ရန် တောင်းဆိုထားသည်။

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

### ၁။ စစ်တပ်ထောက်ခံသူ ငါးမင်းဆွေ ဖမ်းဆီးခံရမှု

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စစ်တပ်ထောက်ခံသူ ငါးမင်းဆွေကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း စစ်ကောင်စီဘက်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ဖမ်းဆီးရခြင်းမှာ လူမှုကွန်ရက်စာမျက်နှာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင်ရည်ရွယ်ပြီး လှုံ့ဆော်ဝါဒဖြန့်ချိမှုကြောင့်ဟု ဖော်ပြထားပြီး ကျိုက်ထိုမြို့မရဲစခန်းက ရန်ကုန်မှ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာသို့ အပြန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စစ်တပ်လော်ဘီချန်နယ်များကလည်း ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်ရဲစခန်းမှ နိုင်ငံတော် အကြည်ညိုပျက်စေမှု ၅၀၅(က)ဖြင့် အမှုဖွင့်ထားကြောင်း ရေးသားခဲ့ကြသည်။ လာရောက်ဖမ်းဆီးနေစဉ် ငါးမင်းဆွေသည် ကျိုက်ထိုရဲစခန်းမှူးက ၎င်းအား လာဖမ်းနေကြောင်း ဗီဒီယိုရိုက်ပြီး သူ၏ TikTok လူမှုကွန်ရက်စာမျက်နှာတွင် အသိပေးပြောကြားခဲ့သည်။

ငါးမင်းဆွေသည် စစ်တပ်၏ အမာခံထောက်ခံသူ ဖြစ်ပြီး စစ်အာဏာရှင် သန်းရွှေလက်ထက်တွင် NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ်မှုဖြင့် နာမည်ကြီးလာသူဖြစ်သော်လည်း ယခုအကြိမ်တွင်မူ စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ဝေဖန်သရော်မှုကြောင့် ဖမ်းဆီးခြင်း ခံခဲ့ရခြင်းဖြစ်သည်။

### ၂။ နေအိမ် မိုင်းခွဲသတိပေးခံရသော သရုပ်ဆောင် ရန်အောင်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်ရှိ ရုပ်ရှင်သရုပ်ဆောင် ရန်အောင်၏ နေအိမ်ကို ပြင်းအားပျော့မိုင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း Dark Shadow အမည်ရှိ မြို့ပြပြောက်ကျားအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ ဤဖြစ်ရပ်မတိုင်မီ ရန်အောင်အပါအဝင် အနုပညာရှင်အချို့က တရုတ်နိုင်ငံမှ မဲခေါင်အစည်းအဝေး တက်ရောက်ပြီး ပြန်လာသော စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို နေပြည်တော်လေဆိပ်၌ သွားရောက် ကြိုဆိုခဲ့ကြသည်။ ဖောက်ခွဲမှုကို Dark Shadow မြို့ပြပြောက်ကျားအဖွဲ့က စစ်ကောင်စီ ထောက်ခံအားပေးသော အနုပညာရှင်များအား သတိပေးသည့် အ နေဖြင့်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် စစ်ကောင်စီတပ်သားများ၊ ရဲများ၊ ပျူစောထီးများ စုဝေးသော နေရာများသို့ မသွားကြရန်လည်း မေတ္တာရပ်ခံထားသည်။

သရုပ်ဆောင် ရန်အောင်သည် စစ်အာဏာသိမ်းစတွင် လူထုဆန္ဒပြပွဲများ၌ ပါဝင်ခဲ့သော်လည်း စစ်တပ်ဝါဒဖြန့်ရုပ်ရှင် "စောင်နီလေးတစ်ထည်"တွင် ဝင်ရောက်သရုပ်ဆောင်ခဲ့ရုံသာမက စစ်ကောင်စီအခမ်းအနားများတွင် အမြဲလိုလို တက်ရောက်သူ ဖြစ်သည်။

## ၃။ ပြည်ပရောက် NUG အဖွဲ့ဝင်များကို ပြည်တွင်းပြန်လာရန် NUG ယာယီသမ္မတ တိုက်တွန်း

NUG ယာယီသမ္မတက ပြည်ပရောက် NUG အစိုးရအဖွဲ့ဝင်များကို ပြည်တွင်းပြန်လာကြရန် တိုက်တွန်းသည့်သတင်း သည် သတင်းမီဒီယာများတွင် နိုဝင်ဘာလအတွင်း ပျံ့နှံ့ခဲ့သည်။ ဤတိုက်တွန်းချက်ကို မီဒီယာများတွင် ဝေဝေဆာဆာ ဖော်ပြလျက်ရှိပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လူမှုကွန်ရက် စာမျက်နှာတွင်လည်း တွေ့ရှိရသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် NUG ၏ ယာယီသမ္မတ ဒူဝါလရှီးလက အွန်လိုင်းကပြုလုပ်သော NUG အစိုးရအဖွဲ့ဝင်အစည်းအဝေး အဖွင့်မိန့်ခွန်းတွင် "နိုင်ငံတကာအသိုင်းအဝန်းအတွက် အချိန်ယူသင့်သလောက်ယူပြီးဖြစ်တဲ့အတွက် မြေပြင်အင်အားစုစည်းရန် ပြည်တွင်းမှာ အင်အားလာစုဖို့ နိုင်ငံပြင်ပရောက်ရှိနေသော အစိုးရအဖွဲ့ဝင်များကို အလေးအနက်ထား တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ NUG သမ္မတရုံး ပြောခွင့်ရသူက NUG ၏ ထိန်းချုပ်နယ်မြေများတိုးလာပြီး ထိုနယ်မြေများတွင် ပြည်သူ့ဝန်ဆောင်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ပြန့်ကြဲနေသည့် အင်အားစုများကို ပြန်လည်စုဖွဲ့ရန်ကြိုးစားခြင်းဖြစ်ကြောင်း Myanmar Now သတင်းဌာန၏ ဖော်ပြချက်တွင်လည်း တွေ့ရှိရသည်။

ပထမဆုံးအကြိမ် ယာယီသမ္မတ၏ အစိုးရအဖွဲ့ဝင်များ ပြည်တွင်းပြန်လာရန် တိုက်တွန်းချက်ကို နိုင်ငံရေးလေ့လာသုံးသပ်သူများသာမက ပြည်သူများပါ စိတ်ဝင်စားလျက်ရှိပြီး လက်တွေ့ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာသုံးသပ်ချက်အများအပြားလည်း ထွက်ပေါ်လာသည်။

## ၄။ ICC ရှေ့နေချုပ်၏ မြန်မာစစ်ခေါင်းဆောင်ကို ဖမ်းဝရမ်းထုတ်ရန် လျှောက်ထားမှု

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာစစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဆိုသော စွပ်စွဲချက်ဖြင့် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) ရှေ့နေချုပ်က ဖမ်းဝရမ်းထုတ်ပေးရန် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC)ထံ လျှောက်ထားခဲ့ကြောင်း မီဒီယာများနှင့် ဆိုရှယ်မီဒီယာတွင် ရေပန်းစားလျက်ရှိသည်။

လျှောက်ထားချက်ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရိုဟင်ဂျာနှင့် ရိုဟင်ဂျာမဟုတ်သော အရပ်သားပြည်သူများအပေါ် မြန်မာစစ်တပ်၊ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့၏ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး လျှောက်ထားရာတွင် ဗီဒီယို၊ ဓာတ်ပုံ၊ မျက်မြင်သက်သေနှင့် စာရွက်စာတမ်း သက်သေအထောက်အထားအစုံ ထည့်သွင်းဖော်ပြခဲ့သည်။ ထို့အပြင် ICC တရားရုံး၏ တရားသူကြီးများမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်သွားမည်ဖြစ်ပြီး သဘောတူညီပါက စစ်

ခေါင်းဆောင် မင်းအောင်လှိုင်ကို ဥပဒေနှင့်အညီ ဖမ်းဆီးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားထားသည်။ စစ်ကောင်စီဘက်မှလည်း မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်သည့်အပြင် ICC ၏ပြောဆိုချက်များကို အသိအမှတ်မပြုကြောင်း နေ့တွင်းချင်းပင် ပြန်လည်တုံ့ပြန်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျေးရွာများကို ဖျက်ဆီးမှုများသည် စစ်ကောင်စီ၏စစ်ဆင်ရေးများအနက် နာမည်ဆိုးဖြင့် ကျော်ကြားသောဖြစ်ရပ်တခုဖြစ်ခဲ့ပြီး ကုလသမဂ္ဂ၏ လူမျိုးစုသုတ်သင်သတ်ဖြတ်မှု ဥပမာအဖြစ်လည်း သတ်မှတ်ခြင်းခံခဲ့ရသည်။